# ရုပ်ပုံရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ခေါင်းရိတ်ခဏ်း

(ရှင်လောင်း ကျက်ရန်)

### တစပဥ္စက ကမ္မဋ္ဌာန်းလင်္ကာ

ငါ၏ကိုယ်မှာ၊ နံ့သာမွေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

---

**သံဃာ့အထံ ခွင့်ပန်ခြင်း။** ။ရှင်သာမဏေလောင်းအား ဦးခေါင်း ရိတ်ပေးခြင်းကို "ဆံချခြင်း"ဟုခေါ်၏၊ "ဆံပင်ကိုအောက်သို့ရိတ်၍ချခြင်း"ဟု ဆိုလိုသည်၊ ထိုသို့ ဆံမချမီ သာသနာတော်မှာ ထုံးစံတခုရှိသေး၏၊ ထိုထုံးစံကား–ကျောင်းတိုက်ရှိ သံဃာတော်အများထံ ရှင်လောင်းကို ဆံချမည့်အကြောင်း လျှောက်ထားခွင့်ပန်ရခြင်းတည်း။